## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန
## ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်
## နေပြည်တော်ဝင်ကြေးဘီးကောက်လိုင်စင်အတွက်လိုင်စင်စည်းကမ်းသတ်မှတ်ချက်များ

၁။ နေပြည်တော်အဝင် နေရာအလိုက် သတ်မှတ်ပေးထားသော အောက်ပါဂိတ်နေရာများ၌သာ ကောက်ခံရမည်။ သတ်မှတ်ဂိတ်နေရာမှလွဲ၍ ကောက်ခံခြင်းမပြုရ-

(က) **နေပြည်တော်ဝင်ကြေးဘီးကောက်(ရွှေပြည်တော်ဝင်လမ်းဂိတ်)** ။

(၁) ဒက္ခိဏသီရိမြို့၊ ရွှေပြည်တော်ဝင်လမ်း(စီလမ်း)အနီး Toll Gate နေရာ၊

(၂) ဒက္ခိဏသီရိမြို့၊ ရွှေကံ့ကော်လမ်းနှင့် အမြန်လမ်းမီးသတ်အနီး အမြန်လမ်းချဉ်းကပ်လမ်းဆုံရာဂိတ်၊

(၃) ဒက္ခိဏသီရိမြို့၊ သရဖူလမ်းနှင့် ရွှေသပြေလမ်းဆုံရာဂိတ်။

(ခ) **နေပြည်တော်ဝင်ကြေးဘီးကောက်(၁၉/၁ဂိတ်)** ။
တပ်ကုန်းမြို့၊နေပြည်တော်တပ်ကုန်းအမှတ်(၁)လမ်းမိုင်တိုင်(၁၉/၁)အနီး Toll Gate နေရာ။

(ဂ) **နေပြည်တော်ဝင်ကြေးဘီးကောက်(၄/၁ဂိတ်)** ။ ပုဗ္ဗသီရိအဝင် တပ်ကုန်းအတွင်းလမ်းမိုင်တိုင်(၄/၁)အနီး Toll Gate နေရာ။

(ဃ) **နေပြည်တော်ဝင်ကြေးဘီးကောက်(ရွှေနှံ့သာဂိတ်)** ။ ဥတ္တရသီရိမြို့၊ ပျဉ်းမနား-တောင်ညိုလမ်း မိုင်တိုင် ၁၂/ဂ နေရာ။

**၂။ နေပြည်တော်ဝင်ကြေးဘီးကောက်(ရွှေပြည်တော်ဝင်လမ်းဂိတ်)လိုင်စင် လုပ်ကိုင်ခွင့်ရရှိသူသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၀၄)မှ နေပြည်တော်သို့ဝင်ရောက်သော ဒက္ခိဏသီရိမြို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အနောက်ဘက်မုခ်ဦးတည်လမ်းမကြီးအဝင်လမ်းပိုင်းရှိ ဘီးကောက်ဂိတ်တွင် နေ့စဉ်ဂိတ်အစောင့်သာ ထားရှိရမည်ဖြစ်ပြီး ဝင်ကြေးဘီးကောက်ကောက်ခံခြင်းမပြုရ။ (ကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်)**

၃။ ဘီးကောက်ကောက်ခံသည့်ဂိတ်အဆောက်အဦအား ကော်မတီအစီအစဉ်ဖြင့် ဆောက်လုပ်ပေးထား၍ လုံလောက်သော မီးသွယ်တန်းမှုများ စီမံထားရှိပါသည်။ ကော်မတီမှ လိုအပ်ချက်အရညွှန်ကြားလာပါက မီးသွယ်တန်းမှုအားပြင်ဆင်ဆောင်ရွက်ပေးရမည်။ဘီးကောက်ကောက်ခံသည့် ဂိတ်အဆောက်အဦနှင့် ဆိုင်းဘုတ်ထားရှိရာ ပတ်ဝန်းကျင်တွင် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပမှုရှိစေရန် ဆောင်ရွက်ထားရှိရမည်။

၄။ နေပြည်တော်ဝင်ကြေးဘီးကောက် ကောက်ခံခြင်းလုပ်ငန်းကို နေ့စဉ်နံနက်(၀၆:၀၀) နာရီမှ နောက်တစ်နေ့နံနက်(၀၆:၀၀)နာရီအထိ (၂၄)နာရီ ကောက်ခံခွင့်ရှိသည်။

၅။ နေပြည်တော်ဝင်ကြေးဘီးကောက် ကောက်ခံရာတွင် နေပြည်တော်အတွင်းသို့ ပြင်ပမှ ဝင်ရောက်လာသော ယာဉ်များကိုသာ ဝင်ကြေးဘီးကောက် ကောက်ခံရမည်။ နေပြည်တော်မှ အထွက် ကားများ၊ နေပြည်တော်(ကညနရုံး)တွင် သက်တမ်းတိုးသည့် နှစ်စဉ်ကြေးဘီးခွန်ဆောင် ထားသော (NPW နံပါတ်ပါ)ယာဉ်များ၊ ဘက်ထရီမှလျှပ်စစ် စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးယာဉ်(Battery Electric Vehicle – BEV) အမျိုးအစားယာဉ်များတို့ကို ဝင်ကြေးဘီးကောက် ကောက်ခံခြင်း မပြုရ။

၆။ **ထို့အပြင် လုံခြုံရေးအရ တာဝန်ထမ်းဆောင်နေသော တပ်မတော်ပိုင်ယာဉ်များ၊ ရဲတပ်ဖွဲ့ပိုင်ယာဉ်များ၊ မီးသတ်ယာဉ်များ၊ သာသနာရေးဝန်ကြီးဌာနမှ အသိအမှတ် ပြုသော (RLG နံပါတ်ပါ) ရဟန်း၊ သံဃာတော်များ၏ယာဉ်များ၊ လူနာတင်ယာဉ် နှင့်ကြက်ခြေနီယာဉ်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်ယာဉ်များ၊ နေပြည်တော်ဝင်ကြေးဘီးကောက် ကောက်ခံသည့် မည်သည့်ဂိတ်၌မဆို တစ်ရက်အတွင်းဝင်ကြေး ပေးဆောင်ခဲ့ပြီးသောယာဉ်များ ကို ဝင်ကြေးဘီးကောက် ကောက်ခံခြင်းမပြုရ။**

၇။ နေပြည်တော်ဝင်ကြေးဘီးကောက် ကောက်ခံရာတွင် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အတားအဆီးများ ချထားခြင်း၊ လူ၊ ပစ္စည်းဖြင့် လမ်းပိတ်ဆို့ထားခြင်း မပြုရ။

၈။ နေပြည်တော်ဝင်ကြေးဘီးကောက် ကောက်ခံရာတွင် နေ့စွဲနှင့်တံဆိပ်ပါ ငွေရပြေစာ ဖြတ်ပိုင်းကိုသက်ဆိုင်သူအား ပြန်လည်ပေးအပ်ရမည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ သတ်မှတ်ပေးသည့်ပြေစာပုံစံကိုသာအသုံးပြုရမည်။လိုင်စင်ရရှိသူသည် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ပြေစာပုံစံပြောင်းလဲခြင်း၊ဌာန၏တံဆိပ်ပြောင်းလဲအသုံးပြုခြင်းမပြုရ။ ဝင်ကြေး ဘီးကောက် ကောက်ခံမည့်ပုဂ္ဂိုလ်များသည် အလုပ်သမားဥပဒေနှင့်အညီ အသက်(၁၈)နှစ်ပြည့်ရ မည်ဖြစ်ပြီးယင်းတို့၏အမည်နှင့်ကိုယ်ရေးအချက်အလက်များနှင့်အတူ အကျင့်စာရိတ္တ ကောင်းမွန် ကြောင်း၊ အရက်သေစာ၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိကြောင်း လိုင်စင်ရရှိသူကိုယ်တိုင် အခွန်ဌာန သို့တင်ပြပြီး ဌာနမှထုတ်ပေးသောစိစစ်ရေးကတ်ပြားများတပ်ဆင်၍ကော်မတီမှသတ်မှတ်ပေးထား သောဝတ်စုံအမျိုးသား(အင်္ကျီအဖြူ၊ဘောင်းဘီနက်ပြာ)၊အမျိုးသမီး(အင်္ကျီ အဖြူ၊လုံချည်နက်ပြာ) ကိုသာ သပ်ရပ်တည်ကြည်စွာ ဝတ်ဆင်ကောက်ခံရမည်။ ကြုံရာကျပန်း တာဝန်ပေး ကောက်ခံစေ ခြင်းမပြုရ။ထို့အပြင်ဂိတ် တာဝန်ခံနှင့် ကောက်ခံမည့် ပုဂ္ဂိုလ်များ၏ ဓာတ်ပုံများအား ဂိတ်အတွင်း သတ်မှတ်ပုံစံအတိုင်း ချိတ်ဆွဲထားရှိရမည်။ ဂိတ်တာဝန်ခံနှင့် ကောက်ခံသူပြောင်းလဲပါက ဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

၉။ အပိုဒ်(၅)ပါ အသိပေးဆိုင်းဘုတ်(၆ပေ×၃ပေ) နှင့်ဂိတ်၏ကိုက်(၃၀၀)အကွာမှစ၍ ကိုက် (၁၀၀)နေရာတိုင်းတွင် "ရှေ့ကိုက်(၁၀၀)တွင် နေပြည်တော်ဝင်ကြေးဘီးကောက်ဂိတ်ရှိသည်" ဟူ သော(၆ပေ×၃ပေ)သတိပေးဆိုင်းဘုတ်များအား အုတ်ဖိနပ်ခံ၊ သံပြား(၁၆Guage)ဖြင့် ပြုလုပ်စိုက်

ထူရန်နှင့် ဆိုင်းဘုတ်တွင် အပြာခံအဖြူရောင်စာလုံး/ အနီခံအဖြူရောင်စာလုံးတို့ဖြင့် ရေးသား ထားရှိရမည်။

၁၀။ အပိုဒ်(၁)ပါ ဂိတ်နေရာများ၌ နေပြည်တော်ဝင်ကြေးဘီးကောက် ကောက်ခံရာတွင် ကွန်ကရစ်လမ်းများအသုံးပြုခြင်းအပါအဝင် အောက်ဖော်ပြပါနှုန်းထားများအတိုင်းသာ ကောက်ခံ ရမည်။ သတ်မှတ် နှုန်းထားထက် ပိုမိုကောက်ခံခြင်းမပြုရ။ အောက်ပါနှုန်းထားဆိုင်းဘုတ်အား (၄ပေ×၈ပေ) အုတ်ဖိနပ်ခံ၊ သံပြား(၁၆Gauge)ဖြင့် ပြုလုပ်စိုက်ထူရန်နှင့် ဆိုင်းဘုတ်တွင် အပြာခံ အဖြူရောင်စာလုံး ဖြင့် ရေးသားထားရှိရမည်–

| **စဉ်** | **ယာဉ်အမျိုးအစား** | **တစ်စီးလျှင်တစ်ရက်(ကျပ်)** |
| --- | --- | --- |
| (က) | ၁– တန်အောက်ယာဉ်များ | ၂၀၀/– |
| (ခ) | ၁– တန်မှ ၃–တန်ကြားယာဉ်များ | ၅၀၀/– |
| (ဂ) | ၃– တန်မှ ၅–တန်ကြားယာဉ်များ | ၇၀၀/– |
| (ဃ) | ၅– တန်နှင့်အထက်ယာဉ်များ | ၁,၂၀၀/– |

၁၁။ လိုင်စင်ရရှိသူသည် အရပ်ရပ်အခွင့်အရေးလိုင်စင် အထွေထွေစည်းကမ်းသတ်မှတ်ချက် များကိုလည်း လိုက်နာရမည်။

၁၂။ လိုင်စင်ရရှိသူသည် ကော်မတီကအခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ စည်းကမ်း၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၃။ လိုင်စင်ရရှိသူသည် လုပ်ကိုင်ခွင့်ရသည့်လုပ်ငန်းကို အခြားသူသို့ တဆင့်အငှားချထား ခြင်း၊ ရောင်းချခြင်းမပြုရ။

၁၄။ လိုင်စင်ရရှိသူသည် အထက်ပါသတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်–

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေကျပ်(၁၀၀,၀၀၀/–)တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်အပြီး ပိတ်သိမ်းခြင်းနှင့် အမည်ပျက်စာရင်း တင်သွင်းခြင်း၊ အာမခံအပ် ငွေများအား ကော်မတီဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ လိုင်စင်ကြေးအကြေနှင့် ဒဏ်ကြေး ပေးသွင်းထားသူမှအပ အာမခံတင်သွင်းထားသော ပစ္စည်းများကို လေလံတင်ရောင်းချ၍ ရရန်ရှိသည်တို့ကို သိမ်းယူခြင်း။

လေလံတင်ရောင်းချရေးအဖွဲ့

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

D:\REV 3\06-4\LayLan 24 – 25\Rule\4 Gate rule(24-25).docx\3

D:\REV 3\06-4\LayLan 24 – 25\Rule\4 Gate rule(24-25).docx\4